# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

October 3 , 2024 Volume 83, Number 3


၃.၁၀.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၁၈.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၂၁.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၅၇.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၄၀.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၉.၂၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၁၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၉၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၈.၅၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၃.၅၅၉ ကျပ် |


## CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ပြည်ပဈေးကွက်ဝင် မြန်မာ့ပနားမီးပုဇွန်ဖြူ တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံသို့ တင်ပို့



ပြည်ပဈေးကွက်ဝင် မြန်မာ့ပနားမီးပုဇွန်ဖြူကို တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ရေငန်မွေးမြူရေးကန်များတွင် စနစ်တကျမွေးမြူထုတ်လုပ်ပြီး တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံသို့ တင်ပို့လျက်ရှိသည်။

တနင်္သာရီတိုင်းဒေသကြီး၌ ပနားမီးပုဇွန်ဖြူမွေးမြူထုတ်လုပ်မှု သက်တမ်းနုသေးသော်လည်း ပင်လယ်ရေအရည်အသွေးကောင်းမွန်ခြင်းနှင့် ရေထွက်ကုန်အရည်အသွေးကောင်းမွန်ခြင်းတို့ကြောင့် သန့်ရှင်းလတ်ဆတ်မှုရှိသဖြင့် မြန်မာ့ပနားမီးပုဇွန်ဖြူကို ပြည်ပနိုင်ငံများက နှစ်သက်လျက်ရှိကြပြီး နိုင်ငံခြားဝင်ငွေသေချာသော ရေငန်ပုဇွန်မွေးမြူမှု ကို ရေလုပ်ငန်းရှင်များ ပိုမိုစိတ်ဝင်စားလာကြသည်။

ရင်းနှီးမြှုပ်နှံမှုများသော ပနားမီးပုဇွန်ဖြူမွေးမြူရာ၌ ခြောက်ပေအနက်ရှိ နှစ်ဧကခွဲကန် တစ်ကန်လျှင် ပုဇွန် ကောင်ရေ နှစ်သန်းမှလေးသန်းအထိ မွေးမြူလေ့ရှိပြီး ရေလှောင်ကန်နှင့် ပိုးသတ်ကန်တို့ သီးခြားစီထားရှိကာ မွေးမြူထုတ်လုပ်လျက်ရှိသည်။

ပနားမီးပုဇွန်ဖြူမျိုးစိတ်ကို ထိုင်းနိုင်ငံမှဝယ်ယူ၍ အဆင့်ဆင့်မွေးမြူပြီး သုံးလကျော်လေးလခန့်အကြာ ရောင်းတန်းဝင်အဆင့်သို့ ရောက်ရှိချိန်တွင် ပြည်ပသို့ တင်ပို့ရောင်းချကြသည်။

ယခုနှစ်မိုးရာသီတွင် မိုးရွာသွန်းမှုများ၍ ရေငန်ပါဝင်နှုန်းကျဆင်းခြင်း၊ ထိုင်းနိုင်ငံမှ ဝယ်ယူစိုက်ထည့်သောမျိုးစိတ်များ ကြီးထွားနှုန်းကျဆင်းခြင်းတို့ကြောင့် ယခင်တစ်ကန်လျှင် တန် ၄၀ ထွက်ရှိရာမှ တန် ၂၀ သာထွက်ရှိခဲ့သဖြင့် မွေးမြူရေးကုမ္ပဏီ အချို့ထိခိုက်မှုများရှိခဲ့ပြီး ပွင့်လင်းရာသီတွင် မူလအခြေအနေအတိုင်း ပြည်ပပို့ကုန်မှ နိုင်ငံခြားဝင်ငွေပြန်လည်ရရှိလာမည်ဟု မွေးမြူရေးကုမ္ပဏီများက မျှော်မှန်းထားသည်။

“ မြန်မာ့ပနားမီးပုစွန်ဖြူကို တရုတ်နဲ့ဂျပန်ကို ပို့နေပါတယ်။ ဒီနှစ်မိုးများပြီး မျိုးမကောင်းတဲ့အတွက် ပုစွန်ကြီးထွားနှုန်း ကျဆင်းတာရှိတယ်။ ပုစွန်ဖြူမျိုးစိတ်ကို ထိုင်းနိုင်ငံက ဝယ်ယူရတာဖြစ်တဲ့အတွက် အစာကိုလည်း အဲ့ဒီနိုင်ငံကပဲ ဝယ်ရပါတယ်။ တရုတ်နိုင်ငံကို ပြုတ်ပြီးသားပုစွန်တင်ပို့ပြီး ဂျပန်နိုင်ငံကိုအေးခဲပြုလုပ်ပြီး တင်ပို့နေပါတယ်။ ဝယ်လက်ရဲ့ဆန္ဒအတိုင်း တင်ပို့ပေးနေပါတယ်။ လက်ရှိပြည်ပဈေးကွက်မှာ အခြားနိုင်ငံတွေနဲ့ ယှဉ်ပြိုင်ပြီး တင်ပို့နေရတာဖြစ်တဲ့အတွက် အခွန်အခနဲ့ အစာဝယ်ယူရာမှာ လိုင်စင်ကဏ္ဍာ မြန်ဆန်စွာဆောင်ရွက်နိုင်မယ်ဆိုရင် ဈေးကွက်မှာ အခြားနိုင်ငံတွေနဲ့ ယှဉ်ပြိုင်နိုင်မှာပါ။ တရုတ်နိုင်ငံကို တရားဝင်တင်ပို့ခွင့် ရရှိထားတာကြောင့် ပနားမီးပုစွန်ဖြူကို တိုးမြှင့်ထုတ်လုပ်မွေးမြူပြီး တင်ပို့နိုင်မယ်ဆိုရင် နိုင်ငံအတွက် နိုင်ငံခြားဝင်ငွေရရှိတဲ့အပြင် မွေးမြူတဲ့ကုမ္ပဏီတွေလည်း အဆင်ပြေပြီး ရေထွက်ကုန်ဈေးကွက်မှာ မြန်မာ့ပုစွန်ဖြူတစ်ခေတ်ဆန်းသစ်လာမယ်လို့ ပြောလို့ရပါတယ်” ဟု တနင်္သာရီတိုင်းဒေသကြီးငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ပြည့်ဖြိုးထွန်းကုမ္ပဏီ၏ ၈၃၂ ကေဒ္ဓ ပုစွန်မွေးမြူရေးကန် ၁၀၅ ကန်၊ ခိုင်ဇင်ယော်ကုမ္ပဏီ (မစမ်းပါး)၏ ၅၃၁ ဒသမ ၀၅ ကေဒ္ဓ ပုစွန်မွေးကန် ၅၃ ကန်၊ ပုလောမြို့နယ် ရွှေကံမော်ကုမ္ပဏီ၏ ၂၉၉ ဒသမ ၇၇ ကေဒ္ဓ ပုစွန်မွေးမြူရေးကန် ၂၅ ကန်နှင့် ထပ်မံတိုးချဲ့သည့် ထူးထူးတိုးကုမ္ပဏီနှင့် သြဘာစံကုမ္ပဏီတို့က မွေးမြူရေးကန် ၁၀ ကန်မှ ၁၅ ကန်အထိ မွေးမြူလျက်ရှိရာ ပနားမီးပုစွန်ဖြူ မွေးမြူရေးကန်ပေါင်း ၂၀၀ ကျော်မှ လေးလတစ်ကြိမ် မွေးမြူထုတ်လုပ်၍ တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

**Source: ကြေးမုံသတင်းစာ**

## ဈေးကွက်အတွင်း အာလူးဈေးမြင့်တက်လျက်ရှိ



မိတ္ထီလာမြို့နယ် စားဖိုဆောင်သီးနှံဖြစ်သည့် အာလူးကို ဒေသတွင်းစိုက်ပျိုးမှုမရှိ၍ ဈေးကွက်အတွင်း ရှမ်းပြည်နယ်၊ အောင်ပန်းဘက်မှ အာလူးများ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ဈေးကွက်အတွင်း ယခုလက်ရှိ စက်တင်ဘာလ နောက်ဆုံးပတ် အာလူးတစ်ပိဿာလျှင် အသေး ၃၅၀၀ ကျပ်၊ အလတ် ၄၀၀၀–၅၀၀၀ ကျပ်၊ အကြီး တစ်ပိဿာလျှင် ၆၀၀၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ၊ ယခင်လ သြဂုတ်လ စတုတ္ထပတ်တွင် အာလူးတစ်ပိဿာလျှင် အသေး ၂၅၀၀ ကျပ်၊ အလတ် ၃၅၀၀ ကျပ်၊ အကြီး တစ်ပိဿာလျှင် ၄၀၀၀ ကျပ် ဈေးသာရှိခဲ့ပြီး၊ ယခင်လနှင့် ယခုလနှိုင်းယှဉ်လျှင် တစ်ပိဿာ ၁၀၀၀ ကျပ်ခန့် ဈေးနှုန်းမြင့်တက်လျက်ရှိသည်။

ဈေးနှုန်းမြင့်တက်လာရခြင်းမှာ လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကြောင့် သယ်ယူစရိတ်မြင့်မားလာခြင်း၊ ဈေးကွက်အတွင်း ပုံမှန်ဝင်ရောက်မှုနည်းနေသေးကြောင်း အာလူးပွဲရုံများမှ သိရသည်။

**Source : DOCA(မန္တလေး)**

https://www.doca.gov.mm/

## နာနတ်သီးအပါအဝင် သစ်သီးအချို့ တရုတ်သို့ တရားဝင်တင်ပို့ခွင့်ရရန်စီစဉ်နေ




နာနတ်သီးအပါအဝင် သစ်သီးအချို့ကို တရုတ်ဈေးကွက်သို့ တရားဝင်တင်ပို့ခွင့်ရရန်အတွက် စီစဉ်လုပ်ဆောင်နေကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရပါတယ်။

“ နာနတ်အပါအဝင် သစ်သီးငါးမျိုး၊ ခြောက်မျိုးလောက်ရှိမယ်ပေါ့ တရားဝင်တင်ပို့ခွင့်ရဖို့တော့ လုပ်ဆောင်နေပါတယ် ”လို့ ယင်းအသင်း တာဝန်ရှိသူ တစ်ဦးက ပြောပါတယ်။

အဆိုပါ တရားဝင်တင်ပို့ရန် ဆွေးနွေးမှုများလုပ်ဆောင်နေသည့် သစ်သီးများနှင့် ပတ်သက်၍လည်းမကြာသေးခင်က ရန်ကုန်မြို့တွင်ကျင်းပခဲ့သောလန်ချန်း-မဲခေါင်သစ်သီးပွဲတော် (မြန်မာ)တွင် ချပြခဲ့ခြင်းများ ရှိခဲ့ပါတယ်။

လတ်တလောတွင် သရက်သီး၊ ဖရဲသီး၊ ရွှေသခွားမွှေး၊ တရုတ်ဆီးသီး(Jujube)၊ သမင်မျက်လုံးသီး (Longan)၊ မင်းဂွတ်သီး၊ ငှက်ပျောသီးစသည်တို့ အပါအဝင် သစ်သီးကိုးမျိုးလောက်ကို တရုတ်ဈေးကွက်သို့ တရားဝင်တင်ပို့ခြင်းများရှိပြီး နာနတ်သီး၊ ထောပတ်သီး၊ ကျွဲကောသီး၊ ဂဠု၊ ပီလောပီနံ စသည့် သစ်သီးများကို တရားဝင်တင်ပို့ခွင့်ရရန်အတွက် ဆွေးနွေးမှုများ လုပ်ဆောင်နေကြောင်း ယင်းအသင်းမှ သိရပါတယ်။

“ ဥပမာပေါ့ ကျွဲကောသီးလိုမျိုးကို မြည်းစမ်းဖို့လုပ်ပေးထားတော့ သူတို့မြည်းစမ်းကြည့်ရင်း ကျွန်တော်တို့ အသီးတွေကောင်းတာကို သူတို့သိသွားတယ်၊ အရောင်းအဝယ်တွေအတွက်တော့ အထောက်အကူပြုတာပေါ့လို့ ” အသင်းတာဝန်ရှိသူ တစ်ဦးက ပြောပါတယ်။

မြန်မာနိုင်ငံမှ တင်ပို့နေသော သစ်သီးများအနက်တွင် ဖရဲ၊ သခွားမွှေးတို့မှာလည်း ဈေးကွက်အကြိုက်ဖြစ်ခဲ့ပြီး သရက်မှာလည်း နှစ်သက်သူများကာ ဈေးကွက်ဝင်ခဲ့ခြင်းဖြစ်သလို ဆက်လက်၍ သစ်သီးများကို တရားဝင်တင်ပို့ခွင့်ရရန် ဆွေးနွေးခြင်းများ ပြုလုပ်နေကြကြောင်း သိရပါတယ်။

**Source : Opinion Leaders**

https://t.me/htwettoe

## ဟင်္သာတကုန်စည်ဒိုင် အရောင်းအဝယ်ဖြစ်မှုအခြေအနေ



ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်တွင် ဒေသထွက်သီးနှံများ လက်ကျန် လျော့နည်းလာသော်လည်း ဟင်္သာတကုန်စည်ဒိုင် တွင် မတ်ပဲ၊ ပဲယင်း(အနီ)၊ ပဲကြီးနှင့် အစေ့ထုတ်ပြောင်းတို့ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

၂၅.၉.၂၀၂၄ တွင် မတ်ပဲ Raw တစ်တင်းလျှင် ၁၃၀,၅၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး၊ ယခင်လကာလတူဈေးနှုန်း ၁၂၅,၂၀၀ ကျပ်ဖြင့် နှိုင်းယှဉ်ပါက ၅၃၀၀ ကျပ်မြင့်တက်လျက်ရှိပြီး လက်ကျန်လျော့နည်းလာသည့်အတွက် နေ့စဉ်မတ်ပဲအိတ် ၅၀၀ မှ ၁၀၀၀ ကြားသာ အရောင်းအဝယ် ဖြစ်လျက်ရှိပါသည်။

၂၅.၉.၂၀၂၄ ရက်တွင် ပဲယင်းအနီ တစ်တင်းလျှင် ၇၈,၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခင်လ ကာလတူဈေးနှုန်း ၈၃,၅၀၀ ကျပ်ဖြင့် နှိုင်းယှဉ်ပါက ၅၅၀၀ ကျပ်၊ ပဲကြီးတစ်တင်းလျှင် ၇၈,၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ပြီး၊

ယခင်လ ကာလတူ ဈေးနှုန်း ၈၁,၀၀၀ ကျပ်နှင့် နှိုင်းယှဉ်ပါက ၃၀၀၀ ကျပ် အသီးသီး ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း သိရသည်။

စက်တင်ဘာလ နောက်ဆုံးသီတင်းပတ်တွင် အစေ့ထုတ်ပြောင်းဈေးသည် ၃၄,၀၀၀ကျပ်ထိသာ ဈေးရရှိခဲ့ပြီး၊ ယခင်လ ကာလတူဈေးနှုန်း ၃၆,၅၀၀ ကျပ်နှင့် နှိုင်းယှဉ်ပါက ၂၅၀၀ ကျပ် ဈေးနှုန်းကျဆင်းခဲ့သည်ကို တွေ့ရကာ ပစ္စည်းလက်ကျန်နည်းလာသည့်အတွက် အစေ့ထုတ်ပြောင်း အရောင်းအဝယ်အေးလျက်ရှိကြောင်း သိရသည်။

**Source: DOCA(ရေဝေတီ)**

https://www.doca.gov.mm/

## စင်ကာပူနိုင်ငံ၏ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ပို့ကုန်၊ သွင်းကုန်ဈေးနှုန်း ညွှန်းကိန်းများ

စင်ကာပူနိုင်ငံ၏ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လအတွက် ပို့ကုန်၊ သွင်းကုန်ဈေးနှုန်းညွှန်းကိန်းများကို စင်ကာပူနိုင်ငံ၊ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

အဆိုပါထုတ်ပြန်ချက်အရ စင်ကာပူနိုင်ငံ၏ သွင်းကုန်ဈေးနှုန်းညွှန်းကိန်းမှာ ၂၀၂၄ ခုနှစ်၊ဇူလိုင်လတွင် ၀ ဒသမ ၂ ရာခိုင်နှုန်းတက်ခဲ့ပြီး ဩဂုတ်လတွင် ၂ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ စက်သုံးဆီဈေးနှုန်းညွှန်းကိန်းမှာ ဇူလိုင်လတွင် ၀ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ဩဂုတ်လတွင် ၅ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

စက်သုံးဆီမဟုတ်သည့် ကုန်စည်များ၏ ဈေးနှုန်းညွှန်းကိန်းမှာ ဇူလိုင်လတွင် ၀ ဒသမ ၃ ရာခိုင်နှုန်း တက်ခဲ့ပြီး ဩဂုတ်လတွင် ၁ ဒသမ ၀ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

စက်သုံးဆီမဟုတ်သည့် ကုန်စည်များအနက် အဖျော်ယမကာနှင့် ဆေးရွက်ကြီး၊ တိရစ္ဆာန်နှင့် ဟင်းသီးဟင်းရွက်ဆီ၊ ဓာတုပစ္စည်းနှင့် ဓာတုပစ္စည်းထုတ်ကုန်များ၊ ထုတ်လုပ်ပြီးကုန်စည်များ(စာရွက်၊ အထည်၊ သံ၊ သတ္တု၊ သားရေ၊ သားမွေးထည်၊ ရော်ဘာ)၊ စက်ပစ္စည်းနှင့်ပို့ဆောင်ရေးကိရိယာများ၊ အခြားထုတ်လုပ်ပြီးပစ္စည်းများ (မွေ့ယာ၊ ပရိဘောဂ၊ လက်ကိုင်အိတ်၊ အဝတ်အထည်ချုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများ၊ဖိနပ်၊သိပ္ပံနှင့် ထိန်းချုပ်ပစ္စည်းကိရိယာများ၊ နာရီစသည်ဖြင့်) ၏ သွင်းကုန်ဈေးနှုန်းညွှန်းကိန်းများမှာ ဇူလိုင်လနှင့် နှိုင်းယှဉ်ပါက ကျဆင်းခဲ့ပြီး ၁ ဒသမ ၂ ရာခိုင်နှုန်း ၊ ၀ ဒသမ ၉ ရာခိုင်နှုန်း ၊ ၁ ဒသမ ၅ ရာခိုင်နှုန်း ၊ ၁ ဒသမ ၆ ရာခိုင်နှုန်း၊ ၁ ဒသမ ၁ ရာခိုင်နှုန်း ၊ ၀ ဒသမ ၅ ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့ကြောင်း ဖော်ပြထားသည်။

ပို့ကုန်ဈေးနှုန်းညွှန်းကိန်းမှာ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လတွင် ၀ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ဩဂုတ်လတွင် ၂ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ စက်သုံးဆီဈေးနှုန်း ညွှန်းကိန်းမှာ ဇူလိုင်လတွင် ၁ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ဩဂုတ်လတွင်လည်း ၈ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

စက်သုံးဆီမဟုတ်သည့် ကုန်စည်များ၏ ဈေးနှုန်းညွှန်းကိန်းမှာ ဇူလိုင်လတွင် ၀ ဒသမ ၁ ရာခိုင်နှုန်း ဖြစ်ပြီး ဩဂုတ်လတွင် ၁ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

စက်သုံးဆီ မဟုတ်သည့် ကုန်စည်များအနက် အစားအသောက်နှင့်တိရစ္ဆာန်အရှင်၊ အဖျော်ယမကာနှင့်ဆေးရွက်ကြီး၊ တိရစ္ဆာန်နှင့်ဟင်းသီးဟင်းရွက်ဆီ၊ ဓာတုပစ္စည်းများနှင့် ဓာတုပစ္စည်းထုတ်ကုန်များ၊ ထုတ်လုပ်ပြီးကုန်စည်များ၊ စက်ပစ္စည်းနှင့်ပို့ဆောင်ရေးကိရိယာများ၊ အခြားထုတ်လုပ်ပြီးပစ္စည်းများ၏ ပို့ကုန်ဈေးနှုန်းညွှန်းကိန်းများမှာ ဇူလိုင်လနှင့်နှိုင်းယှဉ်ပါက ကျဆင်းခဲ့ပြီး ၀ ဒသမ ၇ ရာခိုင်နှုန်း ၊ ၂ ဒသမ ၇ ရာခိုင်နှုန်း ၊ ၀ ဒသမ ၉ ရာခိုင်နှုန်း ၊ ၂ ဒသမ ၂ ရာခိုင်နှုန်း ၊ ၁ ဒသမ ၉ ရာခိုင်နှုန်း ၊ ၁ ဒသမ ၄ ရာခိုင်နှုန်း ၊ ၁ ဒသမ ၁ ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့ကြောင်း ဖော်ပြထားသည်။

**Source : Ministry of Trade and Industry**

**စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ စင်ကာပူမြို့**

https://myantrade.gov.mm/

## ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတွင် တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်တင်ပို့မှု ၁၂ လ ဆက်တိုက် တိုးတက်မှုရှိလာခဲ့

တောင်ကိုရီးယားနိုင်ငံ ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနက ၂-၁၀-၂၀၂၄ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည့် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ကုန်သွယ်မှုကိန်းဂဏန်းများအရ တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်တင်ပို့မှုသည် ယခင်နှစ်အလားတူ ကာလကထက် တိုးတက်တင်ပို့နိုင်ခဲ့သည်မှာ ၁၂ လဆက်တိုက် ရှိပြီဖြစ်သည်။

နိုင်ငံ၏ အဓိကပို့ကုန်ဖြစ်သည့် ချစ်ပ်ပြားများ တင်ပို့မှုမြင့်မားလာသည့်အတွက် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတင်ပို့မှုသည် ယခင်နှစ်အလားတူကာလက တင်ပို့မှုပမာဏထက် ၇ ဒသမ ၅ ရာခိုင်နှုန်း မြင့်မားကာ ဝင်ငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၅၈ ဒသမ ၇ ဘီလီယံ ရရှိခဲ့ကြောင်း၊ သွင်းကုန် တင်သွင်းမှုသည်လည်း ယခင်နှစ် အလားတူကာလကထက် ၂ ဒသမ ၂ ရာခိုင်နှုန်း မြင့်မားခဲ့သော်လည်း ပို့ကုန်တင်ပို့မှုသည် သွင်းကုန်တင်သွင်းမှုပမာဏထက် ပိုမိုခဲ့သည့်အတွက် အမေရိကန်ဒေါ်လာ ၆ ဒသမ ၆၆ ဘီလီယံ ပိုငွေပြခဲ့ကြောင်း၊ ယင်းသို့ ကုန်သွယ်မှုပိုငွေပြခဲ့သည်မှာ ၁၆ လဆက်တိုက်ရှိပြီဖြစ်ပါကြောင်း ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

ကဏ္ဍအလိုက်တိုးတက်တင်ပို့နိုင်မှုကို ဖော်ပြရာတွင် ချစ်ပ်ပြားများ တင်ပို့မှုသည် ၃၇ ဒသမ ၁ ရာခိုင်နှုန်း မြင့်မားလာပြီး အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၆ ဘီလီယံ တိုးတက်ရရှိခဲ့ပါကြောင်း၊ ယခင်နှစ် အလားတူကာလက တင်ပို့မှုထက် တိုးတက်လာခဲ့သည်မှာ ၁၁ လ ဆက်တိုက်ရှိပြီဖြစ်ပါကြောင်း၊ Smart Phones အသစ်များ ထုတ်လုပ်ရောင်းချခြင်းနှင့် ဉာဏ်ရည်တုဝန်ဆောင်မှု (Artificial Intelligence Services) ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုမြင့်တင်ခြင်း၊ စက်တင်ဘာလအတွင်း ကမ္ဘာ့ဈေးကွက်တွင် DRAM နှင့် NAND (PC ကွန်ပျူတာ၊ server နှင့် smartphone များတွင် အသုံးပြုသည့် High-Volume, Commodity Memory Semi-Components) ပစ္စည်းဈေးနှုန်းများ မြင့်မားနေခြင်းတို့ကြောင့်လည်း ပို့ကုန်ဝင်ငွေကို မြင့်မားစေကြောင်း၊ ကားများ တင်ပို့ရမှုလည်း ၄ ဒသမ ၉ ရာခိုင်နှုန်း မြင့်မားလာပြီး အမေရိကန်ဒေါ်လာ ၅ ဒသမ ၅ ဘီလီယံအထိ ရရှိခဲ့ကြောင်း၊ ယခင်နှစ် စက်တင်ဘာလက ရုံးဖွင့်ရက်များနှင့် နှိုင်းယှဉ်လျှင် ရုံးဖွင့်ရက်နည်းသော်လည်း မြောက်အမေရိကဈေးကွက်မှ Hybrid Models ကားများကို ဝယ်လိုအားများလာသည့်အတွက် တင်ပို့မှုဝင်ငွေမြင့်မားလာပါကြောင်း၊ ဓါတ်ငွေ့ရည်တင်သည့် သင်္ဘောများ အပါ အဝင်အဆင့်မြင့်သင်္ဘောများ၊ ကွန်ပျူတာများ၊ Smartphone များ တင်ပို့မှုလည်း မြင့်မားခဲ့ပါကြောင်း၊ အထူးသဖြင့် တရုတ်နိုင်ငံ၊ အမေရိကန် ပြည်ထောင်စုနှင့် အီးယူနိုင်ငံများသို့ တင်ပို့မှုမြင့်မားခဲ့ပါကြောင်း ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများ ကျဆင်းသည့်အတွက် ရေနံထွက်ပစ္စည်းများ တင်ပို့မှုဝင်ငွေကျဆင်းခဲ့ကြောင်း၊ စတီးလ်တင်ပို့မှုလည်းကျဆင်းခဲ့ပါကြောင်း၊ကမ္ဘာ့စတီးလ်ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မှုမြင့်မားနေသည့်အတွက် တင်ပို့မှုကျဆင်းခြင်းဖြစ်ပါကြောင်း၊အစိုးရအနေဖြင့် ပို့ကုန်တင်ပို့မှုနှင့်စပ်လျဉ်းသည့် စိုးရိမ်စရာများ (အရှေ့အလယ်ပိုင်းဒေသရှိ ပထဝီနိုင်ငံရေးရာ မသေချာမရေရာမှုများနှင့် အမေရိကန်ပြည်ထောင်စုအရှေ့ဘက် ကမ်းရိုးတန်းဆိပ်ကမ်းများတွင် ဆန္ဒပြမှုစသည်တို့ကိုပါ ထည့်သွင်းစဉ်းစား၍) ဂရုတစိုက်ဖြေရှင်းသွားမည်ဖြစ်ပါကြောင်း၊ အရေးပေါ်အခြေအနေကြုံတွေ့လာရပါက အစိုးရသည် ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်း၍ အထူးစောင့်ကြည့်ရေးအဖွဲ့ဖွဲ့စည်းကာ ပို့ကုန်တင်ပို့မှုအပေါ် အနုတ်လက္ခဏာဆောင်သည့် သက်ရောက်မှုများကိုလျှော့ချသွားရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဝန်ကြီး Mr. Ahn Duk-geun က ပြောကြားခဲ့သည်။

**Source:** https://www.koreatimes.co.kr/www/biz/2024/10/602_383413.html

**(စီးပွားရေးသံမှူး၊ ဆိုးလ်မြို့)**

https://myantrade.gov.mm/

## ၂၀၂၄ ခုနှစ်အတွင်း ထိုင်းနိုင်ငံ၏ ပို့ကုန်သည် ၂ ရာခိုင်နှုန်းမြင့်တက်လာမည်ဟု Thai National Shippers' Council က ခန့်မှန်းထားဆဲဖြစ်ခြင်း

ယခုနှစ် ထိုင်းနိုင်ငံ၏ ပို့ကုန်သည် ၂ ရာခိုင်နှုန်း မြင့်တက်လာမည်ဟု မျှော်မှန်းထားသော်လည်း ဘတ်ငွေတန်ဖိုး ခိုင်မာနေခြင်းသည် ယခုနှစ်ကျန်ကာလများအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်နိုင်ကြောင်း Thai National Shippers' Council က ပြောကြားခဲ့သည်။

လွန်ခဲ့သော ၃ လခန့်မှစ၍ ဘတ်ငွေခိုင်မာမှုသည် ၁၂ ရာခိုင်နှုန်းရှိပါကြောင်း၊ ဘတ်ငွေခိုင်မာနေခြင်းကြောင့် စိုက်ပျိုးရေးနှင့် စက်မှုလယ်ယာထုတ်ကုန် ပို့ကုန်လုပ်ငန်းရှင်များ၏ အမြတ်ငွေကိုထိခိုက်ပါကြောင်း၊ ပြည်တွင်းလုပ်ငန်းရှင်များကို ကြိုတင်စာချုပ်များသို့မဟုတ် နိုင်ငံခြားငွေလဲလှယ်မှုဆိုင်ရာ ထိခိုက်မှုများ သက်သာစေရန် ငွေပေးချေမှုများတွင် ဘတ်ငွေအသုံးပြုနိုင်ရေး ညှိနှိုင်းစေလိုကြောင်း၊ ပို့ကုန်သည် ၁ ရာခိုင်နှုန်းမှ ၂ ရာခိုင်နှုန်း တိုးတက်ရန် ခန့်မှန်းထားပါကြောင်း၊ ဘတ်ငွေသည် ၃၁ လအတွင်း အမြင့်ဆုံးအဆင့် ၃၂ ထိ ရောက်ရှိခဲ့ပါကြောင်း၊ ခိုင်မာမှုဆက်လက်တည်ရှိနေမည်ဆိုပါက နိုင်ငံ၏ ဈေးနှုန်းယှဉ်ပြိုင်မှုကို အားလျော့စေမည်ဖြစ်ပြီး ပို့ကုန်ဝင်ငွေ ဘတ်တန်ဖိုး နည်းစေမည်ဖြစ်ကြောင်း၊ ယင်းသည် အကြီးမားဆုံးထိခိုက်မှုဖြစ်ပြီး ပို့ကုန်တိုးမြှင့်နိုင်ရေး ဆောင်ရွက်ရန်ဖြစ်ကြောင်း ကောင်စီဥက္ကဋ္ဌ Mr. Chaichan Chareonsuk က ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်ကျန်ကာလများရှိ ထိခိုက်နိုင်သောအချက်များမှာ ဘတ်ငွေခိုင်မာမှု ဆက်လက်တည်ရှိနေပါက ပို့ကုန်ကို ထိခိုက်စေနိုင်မှု၊ တင်ပို့သူများသည် ဘဏ္ဍာငွေရင်းမြစ်များသို့ ရောက်ရှိမှုနည်းပါးသဖြင့် ထုတ်လုပ်သူများအတွက် ငွေဖြစ်လွယ်မှုပြတ်လပ်မှုများ ကြုံတွေ့စေနိုင်မှု၊ပထဝီဝင်နိုင်ငံရေး ပဋိပက္ခများ၊ စီးပွားရေးမသေချာမှုများနှင့် နိုင်ငံကြီးများ အထူးသဖြင့် အမေရိကန်ရွေးကောက်ပွဲပြီးနောက် ကုန်သွယ်ရေးမူဝါဒများစသည်တို့ ဖြစ်ပါကြောင်း၊ အမေရိကန်သည် လျှပ်စစ်မော်တော်ကားများ၊ ဆိုလာပြားများနှင့် တစ်ပိုင်းလျှပ်ကူးပစ္စည်းများ အပါအဝင် တရုတ်သွင်းကုန်များအပေါ် Safeguard အခွန် ကောက်ခံခဲ့ပြီး အခြားသော ကုန်စည်များဖြစ်သည့်လက်အိတ်များနှင့်ကွန်ပျူတာချစ်ပ်ပြားများအပေါ် ၂၀၂၅ မှစ၍ အခွန်တိုးမြှင့်သွားမည်ဖြစ်ကြောင်း၊ အခွန်တိုးမြှင့်လိုက်ခြင်းသည် ထုတ်ကုန်များ၏ ဈေးနှုန်းများအပေါ် သက်ရောက်စေသကဲ့သို့ တရုတ်ပို့ကုန်လုပ်ငန်းရှင်များအတွက်လည်း သက်ရောက်မှုရှိကြောင်း Mr. Chaichan က ဖြည့်စွက်ပြောကြားခဲ့သည်။

နိုင်ငံမြောက်ပိုင်းတွင် ရေလွှမ်းမိုးမှုကြောင့် စိုက်ပျိုးရေးထုတ်ကုန်များ ကျဆင်းခဲ့ပြီး ကုန်ကြမ်းပစ္စည်းဈေးနှုန်းများ မြင့်တက်လျက်ရှိပါကြောင်း၊ အတိုးနှုန်းကိုလျှော့ချပေးပြီး ပို့ကုန်နှင့် GDP တိုးတက်စေရန်အတွက် ဘတ်တန်ဖိုးကို ထိန်းထားပေးရန် ဗဟိုဘဏ်ကို တောင်းဆိုလိုပါကြောင်း၊ အနည်းဆုံး လုပ်ခလစာတိုးမြှင့်မှုကိုလည်း စောင့် ဆိုင်းပေးရန် အစိုးရကိုတိုက်တွန်း လိုပါကြောင်း၊ အစိုးရ၏ စီးပွားရေးကို လှုံ့ဆော်မည့်အစီအမံများသည် ကာလလတ်နှင့် ကာလရှည်တွင် စားသုံးသူများ၏ ဝယ်ယူစွမ်းအားကို တိုးမြှင့်စေပြီး ၂၀၂၅ ခုနှစ် ပထမ ၃ လပတ်တွင် ရလဒ်ထွက်ပေါ်လာစေမည် ဖြစ်ကြောင်း Mr. Chaichan က သုံးသပ်ပြောကြားခဲ့သည်။

**Source: www.bangkokpost.com စီးပွားရေးသံမှူး၊ဗန်ကောက်မြို့**

https://myantrade.gov.mm/

# STOCK EXCHANGE (3.10.2024)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 3rd Oct. 2024

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,621 (Shares) | 22,502,450 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | -100 | -1.14% | 8,700 | 8,700 | 8,700 | 298 | 2,592,600 | 33,109,694 | 288,054 |
| MTSH | 00002 | 3,500 | +0 | +0.00% | 3,500 | 3,500 | 3,400 | 2,497 | 8,569,500 | 38,929,150 | 136,252 |
| MCB | 00003 | 9,000 | +0 | +0.00% | 9,000 | 9,000 | 9,000 | 0 | 0 | 10,400,986 | 93,609 |
| FPB | 00004 | 1,900 | +0 | +0.00% | 1,900 | 1,900 | 1,900 | 358 | 680,200 | 29,664,613 | 56,363 |
| TMH | 00005 | 2,750 | -150 | -5.17% | 2,750 | 2,750 | 2,750 | 306 | 841,500 | 12,823,224 | 35,264 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 623 | 1,059,100 | 19,977,223 | 33,961 |
| AMATA | 00007 | 4,500 | +0 | +0.00% | 4,500 | 4,500 | 4,500 | 0 | 0 | 10,497,598 | 47,239 |
| MAEX | 00008 | 3,450 | -50 | -1.43% | 3,450 | 3,450 | 3,450 | 2,539 | 8,759,550 | 23,804,946 | 82,127 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 3rd Oct. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 409.75 | -3.41 | -0.83% | 410.77 | 410.77 | 407.69 | 6,621 | 22,502,450 | 8 | 772,869 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 12:00 pm. 3rd Oct. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,407 (Shares) | 22,115,100 (MMK) |

| MYANPIX | 409.75 ▼ 3.41 |
|---|---|
| Total Volume (shares) | 6,407 |
| Total Value (MMK) | 22 mil |
| Listed Company | 8 |
| Market Cap. (MMK) | 772,869 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▼ 100 |
| MTSH | 00002 | 3,500 | ▲ 0 |
| MCB | 00003 | 9,000 | ▲ 0 |
| FPB | 00004 | 1,900 | ▲ 0 |
| TMH | 00005 | 2,750 | ▼ 150 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,500 | ▲ 0 |
| MAEX | 00008 | 3,450 | ▼ 50 |